# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၃ – ၆ – ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ သင်တန်းတက်ရောက်ရန်နှင့် ဗိုလ်မှူးကြီးစိုးရွှေ၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းသည့် မေးခွန်းများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မြန်မာနိုင်ငံအတွင်း ခိုးဝင်ခိုးသွင်းပြုလုပ်နေသော ဘင်္ဂါလီလူမျိုးများကို တည်ဆဲဥပဒေအရ အရေးယူပြီးနောက် နေရပ်ပြန်ပို့ခြင်း အစီအစဉ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က မြန်မာနိုင်ငံအတွင်း ခိုးဝင်ခိုးသွင်းပြုလုပ်နေသော ဘင်္ဂါလီလူမျိုးများကို တည်ဆဲဥပဒေအရ အရေးယူပြီးနောက် နေရပ်ပြန်ပို့ခြင်း အစီအစဉ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်း လှေဖြင့်တစ်မျိုး၊ ခြေလျင်ဖြင့်တစ်မျိုး၊ ကားကြုံဖြင့်တစ်မျိုး ဘင်္ဂါလီများ ခိုးဝင်၊ ခိုးသွင်း ဖမ်းမိသတင်းများ နေ့စဉ်၊ အပတ်စဉ် ကြားသိနေရပါတယ်။ ကြိုးစားဖမ်းဆီးနိုင်ခဲ့တဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အထူးသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများအားလည်း ချီးကျူးဂုဏ်ယူ အသိအမှတ်ပြုပါတယ်။ တစ်ဖက်မှာလည်း တရားမဝင် ခိုးသွင်းသူများ၊ လူကုန်ကူးသူများအား ထိရောက်ပြင်းထန်စွာ အရေးယူပေးစေလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ တရားမဝင် ခိုးဝင်ဖမ်းဆီးမိ ဘင်္ဂါလီများအား တည်ဆဲဥပဒေအရ အရေးယူပြီးနောက် သက်ဆိုင်ရာ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ခံယူပြီးဆုံးသည့်အခါ မူရင်းနေရပ်သို့ မည်သည့်အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ခြင်း (Post Reason၊ Post Process)ကို သိရှိလိုပြီး ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ မည်မျှရှိသည်နှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ် ထားမှုများ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ မည်မျှရှိသည်နှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားမှုများ မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၀။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ (၁၀/၂၀၁၀) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်း လုပ်ကိုင် နေကြသောသူများကို စည်းကမ်းချက်များချမှတ်ကာ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ ပါတယ်။ ပြည်တွင်းမှာလည်း ကောင်းမွန်သော အလုပ်အကိုင်ရှာဖွေသူများနှင့် ဝန်ထမ်းလိုအပ်ချက် ရှိသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကိုသာ အားကိုး ကြရပါတယ်။ တရားဝင်မှတ်ပုံတင်ထား၍ လုပ်ငန်းဆောင်ရွက်နေသော အေဂျင်စီများရှိသလို တရားဝင်မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်နေသော အေဂျင်စီများလည်း ရှိပါတယ်။ တရားဝင် မှတ်ပုံမတင်ဘဲ ဆောင်ရွက်နေသော အေဂျင်စီများကို ဖော်ထုတ်အရေးယူဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် တရားဝင်ဆောင်ရွက်နေသော အေဂျင်စီအချို့ကလည်း သတ်မှတ်ထားသော စည်းကမ်း ချက်များကို မလိုက်နာတာ တွေ့ကြရပါတယ်။ ဥပမာ အလုပ်သမားထံမှ ဝန်ဆောင်ခ၊ စရိတ်၊ အခကြေးငွေ ရယူခြင်းမပြုရလို့ စည်းကမ်းသတ်မှတ်ထားပေမယ့်လည်း နည်းမျိုးစုံနဲ့ အခကြေးငွေ ရယူနေတာကို တွေ့ရပါတယ်။ ဒါကြောင့် တရားဝင် ပြည်တွင်းမှတ်ပုံတင် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေက ဘယ်သူတွေလည်းဆိုတာကို ဝန်ကြီးဌာနက ထုတ်ပြန်ပေးမှသာ အလုပ်ရှာဖွေသူ

တွေကော၊ အလုပ်သမားလိုအပ်တဲ့ ကုမ္ပဏီတွေပါ စိတ်ချယုံကြည်စွာ ဆက်ဆံနိုင်တဲ့အခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်နက်ကိုင်ပဋိပက္ခများ နှစ်ကြာရှည်စွာ ဖြစ်ပွားခဲ့လို့ ဒေသတည်ငြိမ်မှုမရှိ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုမရှိ စတဲ့ အကြောင်းများကြောင့် ဆင်းရဲသောဒေသများမှ လူတွေက အရည်အချင်းနိမ့် လုပ်သားလိုအပ်ချက်ရှိတဲ့ စက်မှုဖွံ့ဖြိုးပြီးစ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ် လုပ်ကိုင်ခြင်းကလည်း အရေးကြီးလှသော ရွေးချယ်စရာတစ်ခု ဖြစ်လာပါတယ်။ ဒါကြောင့် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများ တစ်စထက်တစ်စ များပြားလာခဲ့သလို သူတို့ကို အလုပ်ရရှိရေး အကျိုးဆောင်ချိတ်ဆက်ပေးတဲ့ အေဂျင်စီတွေလည်း များစွာပေါ်ပေါက်လာခဲ့ပါတယ်။

၁၉၉၀ ပြည့်နှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ပြည်ပအလုပ်အကိုင် ကြီးကြပ်အဖွဲ့ ဖွဲ့စည်းခြင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် ထုတ်ပေးခြင်းတို့ဖြင့် ပြည်ပသို့သွားရောက်၍ အလုပ်လုပ်လိုသူများ ဆုံးရှုံးနစ်နာမှု မရှိစေရေး၊ ဥပဒေပါအခွင့်အရေးများ ရရှိစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ သို့သော်လည်း အကျိုးဆောင်လိုင်စင် ရယူခြင်းမရှိဘဲ တရားမဝင် ဆောင်ရွက်နေသော အေဂျင်စီများနှင့် ဆက်သွယ်မိလို့ ပြည်ပမှာ အလုပ်လည်းမရ၊ အကျိုးဆောင်ခလည်းဆုံးပြီး နိုင်ငံရပ်ခြားမှာ ဒုက္ခရောက်တဲ့အလုပ်သမားတွေ များစွာ ရှိနေသေးတယ်လို့ သိရပါတယ်။ ဒါကြောင့် တရားမဝင် အေဂျင်စီများကိုလည်း ဖော်ထုတ်အရေးယူဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်လိုင်စင်ရ အေဂျင်စီတချို့ကလည်း သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေခြင်း၊ မူလသဘောတူထားသောစာချုပ်နှင့် လုပ်ခလစာရရှိအောင် မဆောင်ရွက်ပေးနိုင်တာတွေလည်း တွေ့ရှိရပါတယ်။ တိုင်ကြားလို့ ဌာနက အရေးယူနိုင်တာ ရှိသလို၊ မတိုင်ကြားတော့လို့ အရေးယူမခံရဘဲ ဆက်လက်ကျူးလွန်နေတာလည်း ရှိပါတယ်။ အရေးယူတဲ့အခါမှာလည်း စည်းကမ်းချိုးဖောက်သူတွေကို ကျူးလွန်မှု အကြီး၊ အသေးအရ သတ်မှတ်ချက်၊ ဥပဒေနှင့်အညီ မျက်နှာမလိုက်ဘဲ ဖြောင့်ဖြောင့်မတ်မတ် အရေးယူဖို့လိုအပ်ပါတယ်။ ဒါကြောင့် တရားဝင်ဆောင်ရွက်နေသော အေဂျင်စီများနဲ့ တရားမဝင်ဆောင်ရွက်နေသော အေဂျင်စီများကို ထိရောက်သောအရေးယူမှုနှင့် စနစ်ကျသော အကာအကွယ်များ စီစဉ်ဆောင်ရွက်ရန် လိုအပ်တာမို့လို့ တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မည်မျှရှိသနည်းနှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားမှုနှင့်

မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်)နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၁၀) ရရှိရန် ရည်မှန်းချက်ဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ပြောင်းရွှေ့ပြီး အိမ်ထောင်စုစာရင်း ပြုလုပ်လိုသူများ (ပုံစံ-၁၀)မပါရှိပါက ပြောင်းရွှေ့လာသည့် မြို့နယ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ ဌာနချင်း ချိတ်ဆက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်)နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၁၀) ရရှိရန် ရည်မှန်းချက်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ပြောင်းရွှေ့ပြီး အိမ်ထောင်စုစာရင်း ပြုလုပ်လိုသူများ (ပုံစံ-၁၀) မပါရှိပါက ပြောင်းရွှေ့လာသည့် မြို့နယ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ ဌာနချင်း ချိတ်ဆက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၂၀ ရွေးကောက်ပွဲသည် လာမည့်နှစ်တွင် ကျင်းပတော့မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း၏ မူလအခွင့်အရေးဖြစ်သည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၁၀)ရှိရန် အထူးလိုအပ်လှပါတယ်။ ဒီကိစ္စကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ မြန်မာနိုင်ငံသားများ နိုင်ငံသားစိစစ်ရေးကတ်၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုလူဦးရေ စာရင်း (ပုံစံ-၁၀)ရရှိရန်အတွက် အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးရန် အထူးလိုအပ်လှပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့်

ခရီးစရိတ်နှင့် အခြားချီးမြှင့်ငွေများ ထောက်ပံ့ပေးမည်ဆိုပါက ဝန်ထမ်းများ နယ်ဆင်းမည့်အချိန်တွင် ခရီးစရိတ်၊ စာရွက်စာတမ်းဖိုးနှင့် အခြားအခက်အခဲများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး မိမိတို့၏ လုပ်ငန်း ဆောင်တာများကို အင်တိုက်၊ အားတိုက် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ယခုလို လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ နယ်ဆင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ အတွက်လည်း မြို့ပေါ်ရုံးသို့ လာရသည့် ခရီးစရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ပွဲစားများရန်မှ ရှောင်ကွင်းနိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိနိုင်မှာဖြစ်ပါတယ်။ လက်ရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လုပ်ဆောင်နေသော သစ္စာစီမံချက်သည် ကောင်းမွန်မှုရှိသော်လည်း ထိရောက်မှု ရှိမှု/ မရှိမှုသည် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများပေါ်တွင် အများကြီးမူတည်နေပါတယ်။ ကြိုးစားသည့် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းရှိသည့် မြို့နယ်များတွင် ပြည်သူများမှတ်ပုံတင်ရရှိပြီး၊ ကြိုးစားအားထုတ်မှုနည်းသည့် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်း ရှိသည့် မြို့နယ်များမှာတော့ ပြည်သူများ မှတ်ပုံတင်ရရှိရန် အခက်အခဲဖြစ်နေပါတယ်။ တစ်ဖက်မှာ လည်း ဝန်ထမ်းများ နယ်ဆင်းလုပ်ဆောင်ရန် ခရီးစရိတ် မရှိခြင်းကလည်း လုပ်ငန်းကို နှောင့်နှေး စေတဲ့ အချက်တစ်ခုအဖြစ် ပါဝင်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ပြောင်းရွှေ့လာသော ရွှေ့ပြောင်းလုပ်သား များနှင့် ပြည်သူများသည် လက်ရှိနေထိုင်ရာမြို့နယ်မှာ အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်လိုသည့် အခါမှာ(ပုံစံ-၁၀)ပျောက်ဆုံးနေပါက မူလနေထိုင်ခဲ့သည့်မြို့နယ်တွင် ပြန်လည်သွားရောက်၍ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးတွင် (ပုံစံ-၁၀)ကို ပြန်လည်တောင်းယူနေကြ ရပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ နာဂစ်မုန်တိုင်းဒဏ်ခံရသော ပြည်သူအများစုသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့နယ်များသို့ ပြောင်းရွှေ့လုပ်ကိုင် နေထိုင်ကြရပါတယ်။ ဒါ့အပြင် အိမ်ထောင်စုလူဦးရေ စာရင်း(ပုံစံ-၁၀)မှာလည်း မုန်တိုင်းထဲပါသွားသဖြင့် ပျောက်ဆုံးကုန် ကြပြီဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြောင်းရွှေ့လာသော ပြည်သူများသည် ယခုလက်ရှိ မိမိတို့နေထိုင်ရာ ဒေသများတွင် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်သည့်အခါမှာ မူလ မိမိနေထိုင်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များသို့ ပြန်လည်သွားရောက်ပြီး အိမ်ထောင်စု စာရင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးတွေမှာ တောင်းယူနေကြရပါတယ်။ သို့ပါသောကြောင့် ပြည်သူများ အခက်အခဲကို ပြေလည်စေရန်အတွက် (ပုံစံ-၁၀) ပျောက်ဆုံးနေသည့်ပြည်သူများကို မူလနေထိုင်ရာ မြို့နယ်သို့ ပြန်လည်စေလွှတ်ခြင်း မပြုဘဲ ဌာနချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းဖြင့် ပြည်သူများအတွက် အချိန်ကုန်သက်သာပြီး ခရီးစရိတ်သက်သာခြင်း စတဲ့ အကျိုးတရားများ ရရှိမှာဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက် ထိစပ်နေသော ဌာနဖြစ်သဖြင့် ပြည်သူ့အကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ဌာန၏ပုံရိပ်လည်း

တက်လာမှာဖြစ်သလို ပြည်သူ့အစိုးရ၏ ပုံရိပ်လည်း ပိုမိုကောင်းမွန်စေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်၊ မှတ်ပုံတင်နှင့် အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ-၁၀)ရရှိရန် ရည်မှန်းချက်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ခရီးစရိတ်နှင့် အခြားချီးမြှင့်ငွေများ ထောက်ပံ့၍ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေး ရန်နှင့် မြို့နယ်ပြောင်းရွှေ့လာသည့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်လိုသူများ (ပုံစံ-၁၀)မရှိပါက ပြောင်းရွှေ့လာသည့် မူလမြို့နယ်သို့ ပြန်လည်စေလွှတ်ပြီး (ပုံစံ-၁၀)ကို ပြန်ယူခိုင်းခြင်းမပြုဘဲ ဌာနချင်းချိတ်ဆက် လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/ မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံ အားလုံးတွင် အလုပ်သမား သမဂ္ဂများ တရားဝင်ဖွဲ့စည်းစေပြီး ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားဌာန ကိုယ်စားလှယ်တို့ ပါဝင်သော စီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ် က အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံ အားလုံးတွင် အလုပ်သမား သမဂ္ဂများ တရားဝင်ဖွဲ့စည်းစေပြီး ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားဌာန ကိုယ်စားလှယ်တို့ ပါဝင်သော စီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံ အားလုံးမှာ အလုပ်သမားသမဂ္ဂတွေ တရားဝင်ဖွဲ့စည်းစေပြီး ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားဌာန၊ ကိုယ်စားလှယ်တို့ ပါဝင်တဲ့ စီမံခန့်ခွဲမှုကော်မတီတွေ ဖွဲ့စည်းပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီနေ့ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေပါတယ်။ ဒီလို ဒီမိုကရေစီနိုင်ငံသစ် ထူထောင်နေတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ဖို့လိုပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရမယ်။ GDP တိုးတက်ရမယ်။ ကျွန်တော်တို့ ငွေကြေးဖောင်းပွမှုကျဆင်းရမယ်။ အခြေခံကုန် ဈေးနှုန်းတွေ ကျဆင်းရမယ်။ ပြည်သူတွေ သာယာပျော်ရွှင်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ရဲ့ အရသာတွေကို အပြည့်အဝခံစားနိုင်ရမယ်။ အဲဒီလိုဖြစ်ဖို့အတွက် လိုအပ်တာက ပြည်ပချေးငွေတွေကိုချည်းပဲ ကျွန်တော်တို့ စီးပွားရေးက အားကိုးနေလို့မဖြစ်ပါဘူး။ ပြည်ပချေးငွေတွေကို အားကိုးပြီး စီးပွားရေးတည်ဆောက်တယ်ဆိုတာ ဘယ်သီအိုရီမှာမှ မရှိပါဘူး။ စီးပွားရေး Economic Theory မှန်သမျှမှာ။

အဲဒီတော့ အဓိက ကုန်ထုတ်လုပ်မှု တိုးတက်အောင်လုပ်ရမယ်။ ကုန်ထုတ်လုပ်မှု တိုးတက်မှ ကျွန်တော်တို့ ပြည်ပပို့ကုန်တွေ များလာမယ်။ ပြည်ပဝင်ငွေတွေ ရလာမယ်။ ဒါမှသာလျှင် နိုင်ငံရဲ့ GDP တိုးတက်မယ်။ တစ်ဦးချင်းဝင်ငွေ တိုးတက်မယ်။ အဲဒီလိုဖြစ်ဖို့အတွက်ဆိုရင် အဓိက က အလုပ်သမားတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ အလုပ်သမားတွေကို အလုပ်ခွင်မှာ သာယာဖို့ ပျော်ရွှင်ဖို့လိုတယ်။ အလုပ်လုပ်ခွင့် အာမခံချက်ရှိဖို့လိုတယ်။ အလုပ်လုပ်ခွင့်၊ တည်မြဲခွင့် ပေးဖို့လိုတယ်။ နောက်ပြီးတော့ အလုပ်သမားတွေကို နည်းမျိုးစုံနဲ့ ဖိနှိပ်မှုတွေမှ ကင်းဝေးဖို့လိုတယ်။ အလုပ်ထုတ်ခံရတဲ့အဖြစ်တွေ မရှိဖို့လိုတယ်။ ဒါပေမဲ့ ဒီနေ့အချိန်မှာ အဲဒါတွေဟာ ရှိနေဆဲပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ၂၀၁၈ ခုနှစ်တုန်းကဆိုရင် ဖုရင် အလုပ်သမားစက်ရုံသပိတ် (တောင်ဒဂုံ)က၊ နောက်ပြီးတော့ ပန်ဒါ မန္တလေးက အလုပ်သမားစက်ရုံ၊ ချည်ထည်စက်ရုံ ဒီနေရာတွေမှာ အလုပ်သမားတွေ အရေးယူခံရတာတွေ ရှိနေတယ်။ အလုပ်ထုတ်ခံရတာတွေ ရှိနေတယ်။ နောက်ဆုံးဖြစ်နေတာက အလုပ်သမားအမျိုးသမီးလေးတွေကို ကိုယ်ထိလက်ရောက်၊ ကာယိန္ဒြေပျက်အောင် ထိပါးနှောင့်ယှက်တာတွေ၊ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ရဲ့ ကိုယ်စားလှယ်တွေက ဆောင်ရွက်နေတာတွေရှိတယ်။ အဲဒါမျိုး အလုပ်သမားပြဿနာတွေ မကြာခဏပေါ်ပေါက်နေပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေရဲ့ ထိုက်တန်တဲ့ လုပ်ခလစာရရှိရေးနှင့် ပတ်သက်ပြီးလည်း မကြာခဏ ပြဿနာတွေ ပေါ်နေတယ်။ ဥပဒေက ပြဋ္ဌာန်း၊ ညှိနှိုင်းပြီးထားတဲ့အချက်တွေကို အလုပ်ရှင်တွေက မလိုက်လျောတာတွေရှိတယ်။

ဒီနေ့လည်း စက်ရုံ၊ အလုပ်ရုံ အတော်များများမှာရှိနေပါတယ်။ အဲဒါကြောင့်မို့လို့ အလုပ်ခွင်တွေမှာ၊ လုပ်ငန်းခွင်တွေမှာ အလုပ်သမားတွေ ပျော်ရွှင်မှုမရှိရင်၊ အလုပ်သမားတွေ လွတ်လပ်ခွင့်မရှိရင် ကုန်ထုတ်လုပ်မှုဟာ တိုးတက်နိုင်မှာမဟုတ်ပါဘူး။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာ ပို့ကုန်ဝင်ငွေတွေ ကျဆင်းနေမှာပဲ၊ ပို့ကုန်တွေဟာလည်း ကျွန်တော်တို့ Export နိုင်ငံတစ်နိုင်ငံတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒီလိုပဲ လက်ဝေခံအဖြစ်နဲ့ ချေးငွေတွေအပေါ် မှီခိုနေရမှာပဲ။ ကျွန်တော်တို့

ပို့ကုန်တွေတိုးတက်ဖို့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို မဆုံးရှုံးဘဲနဲ့ အလုပ်သမားတွေ၊ လုပ်ငန်းခွင်တွေမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုပါတယ်။

အဲဒါကြောင့်မို့လို့ အလုပ်သမားပြဿနာတွေကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံအားလုံးမှာ အလုပ်သမားသမဂ္ဂတွေ တရားဝင်ဖွဲ့စည်းစေပြီး၊ ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနဲ့ အလုပ်သမားဌာန ကိုယ်စားလှယ်တွေ ဖွဲ့စည်းပါဝင်တဲ့ စီမံခန့်ခွဲမှုကော်မတီတွေကို ဖွဲ့စည်းဖို့ အစီအစဉ် ရှိ/ မရှိကို ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၂။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဖြစ်ပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးသိန်း မေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံက ခိုးဝင်လာတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို တည်ဆဲဥပဒေနဲ့ တရားစွဲ အရေးယူပြီးတော့ ပြစ်ဒဏ်ကျခံပြီးတဲ့အခါမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ပြန်လည်ပြည်နှင်လျက်ရှိပါတယ်။ ပြစ်မှုကျူးလွန်တဲ့ တစ်ဖက်နိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ရန်ကုန်မြို့မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံရုံးကို အကြောင်းကြားပါတယ်။ တချို့အခြေအနေမှာလည်းပဲ စစ်တွေမြို့မှာ အခြေစိုက်တဲ့ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးကို ပေးပို့ပြီး အကြောင်းကြားပါတယ်။ ဖမ်းဆီးအရေးယူထားတဲ့ တရားခံများဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မှန်၊ မမှန် စိစစ်ပြီးတော့မှ မှန်ကန်တယ်လို့သိရတဲ့အခါမှာ သံရုံးတွေ၊ ကောင်စစ်ဝန်ရုံးတွေ ချိတ်ဆက်ပြီးတော့မှ တချို့အချိန်တွေမှာ လေကြောင်းခရီးနဲ့ ပြန်လည်ပြီး သူ့နိုင်ငံကို ပို့ပါတယ်။

တချို့အခြေအနေတွေမှာလည်း နယ်စပ်ဒေသတွေမှတစ်ဆင့် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံနယ်ခြား အလံတင်အစည်းအဝေးများမှာ ညှိနှိုင်းဆွေးနွေးပြီးတော့မှ စနစ်တကျ ပြန်လည် စေလွှတ်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာနေထိုင်တဲ့ ဘင်္ဂါလီများက သတ်မှတ်အထောက်အထား များနဲ့ စာရွက်စာတမ်းများမပါဘဲနဲ့ ခရီးသွားကန့်သတ်ချက်များကို ကျော်လွန်ပြီးဝင်ရောက်လာ တယ်ဆိုရင် သက်ဆိုင်ရာ တာဝန်ရှိတဲ့သူများက ဖမ်းဆီးပြီးမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲ အရေးယူပါတယ်။ ပြစ်ဒဏ်ချမှတ်ပါတယ်။ ၎င်းတို့ကို လိုက်လံပို့ဆောင်တဲ့ ပွဲစားများ၊ ပို့ဆောင်တဲ့ သူများကိုလည်း ဖော်ထုတ်ပြီး အရေးယူပါတယ်။ ပြစ်ဒဏ်ကျခံပြီးရင် ၎င်းတို့ရဲ့ မူလနေထိုင်ရာ ဒေသများကို ပြန်လည်ပြီး ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ချိတ်ဆက်၍ အဆင့်ဆင့် ပြန်လည်ပေးပို့ပြီး နေထိုင်စေပါတယ်။

အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံပြီးမှ လွတ်မြောက်လာတဲ့ ပြည်တွင်းမှာနေတဲ့ ဘင်္ဂါလီလူမျိုးများကို လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းမှ တချို့ အသက်ငယ်တဲ့ သူတွေကို ထိန်းသိမ်းထားပါတယ်။ အသက်ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေး သက်သေခံ ကတ်ပြား Identity Card For National Verification – NVC ကို ထုတ်ပေးပါတယ်။ Biometric Data နဲ့ Biographic Data များ ကောက်ယူပြီး မှတ်တမ်းတင်ပါတယ်။ ပြီးရင် ကျွန်တော်တို့ ပြစ်ဒဏ်ပြီးဆုံးတဲ့အခါမှာ လူမှုဝန်ထမ်းမှ ထိန်းသိမ်းထားတဲ့ ငယ်ရွယ်သူတွေရော၊ ပြစ်ဒဏ်ကျခံတဲ့ သူတွေကော၊ မူလနေထိုင်ရာ အရပ်ဒေသသို့ အထက်ကတင်ပြတဲ့အတိုင်းပဲ အဆင့်ဆင့် လက်ခံပြီး လက်ဆင့်ကမ်း ပို့ဆောင်ပါတယ်။ အဲဒီလို ပို့ဆောင်တဲ့အခါမှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် များ ချိတ်ဆက်ပို့ဆောင်ပါတယ်။ လမ်းကြောင်းမှာလည်းပဲ ကြီးကြပ်လိုက်ပါမယ့် ဝန်ထမ်းတို့နဲ့ အစီအမံများရေးဆွဲပြီး သူတို့ရဲ့ မူလနေထိုင်ရာ အရပ်ဒေသများကို ပြန်လည်ပို့ဆောင်လျက်ရှိပါ ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ရဲ့ မေးခွန်းကို ဆက်လက် ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ တို့အရ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို ခွင့်ပြုပေးပါတယ်။ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ အေဂျင်စီလက်ရှိ အခြေအနေအရ (၈၈)ခု ရှိပါတယ်။ ပြည်ပအလုပ်အကိုင်နှင့် ပတ်သက်ပြီးတော့မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပ အလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို ခွင့်ပြုပြီး ပြည်ပကို အလုပ်သမားများ

တရားဝင်စေလွှတ်ခွင့်ပြုပါတယ်။ လက်ရှိမှာ လိုင်စင်ထုတ်ပေးထားတဲ့ ပြည်ပ အလုပ်အကိုင် ရှာဖွေရေး အကျိုးဆောင်အေဂျင်စီ (၂၈၂)ခု ရှိပါတယ်။

အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို စည်းကမ်းဖောက်ဖျက်တဲ့အတွက် အရေးယူ ဆောင်ရွက်မှု အခြေအနေများကို ဆက်လက်ပြီး တင်ပြရမယ်ဆိုလို့ရှိရင် အဆိုပါ အကျိုးဆောင် လိုင်စင်ရ ကုမ္ပဏီများအနေနဲ့ လိုက်နာဆောင်ရွက်မယ့် စည်းကမ်းသတ်မှတ်ချက်များ ဖောက်ဖျက် တယ်ဆိုလို့ရှိရင် တည်ဆဲဥပဒေများနဲ့ အရေးယူဆောင်ရွက်ပါတယ်။ လိုင်စင်ရအေဂျင်စီဟာ ပြည်တွင်း အလုပ်အကိုင်ရှာဖွေခြင်းအတွက် အလုပ်ရှင်ထံမှ အလုပ်သမားရရှိရမယ့် လစာ (၁)လစာထက် မပိုသော ဝန်ဆောင်ခကို အေဂျင်စီများက ကောက်ခံနိုင်ကြောင်း အရင်ဆုံးသတ်မှတ်ထားပါတယ်။ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများက သတ်မှတ်ဝန်ဆောင်ခထက် ပိုမို ရယူခြင်းနဲ့ သက်ဆိုင်တဲ့ တိုင်ကြားလာမှုများ၊ မရှိသလောက်နည်းပါးပါတယ်။ ရှိရင်လည်း ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနက်က ၁၉၉၉ ခုနှစ်၊ ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အမိန့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိတဲ့ အေဂျင်စီများကို ခံဝန်ကတိ လက်မှတ်ရေးထိုးစေပါတယ်။ ကုမ္ပဏီလိုင်စင် ယာယီ ပိတ်သိမ်းစေပါတယ်။ အချို့ကိုလည်းပဲ ပြစ်မှုအပေါ်မူတည်ပြီး ကုမ္ပဏီလိုင်စင် ရာသက်ပန် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ပါတယ်။ ဒ့ါအပြင် တရားစွဲ၊ အရေးယူခြင်းများလည်း ဆောင်ရွက် ပါတယ်။ လက်ရှိအနေအထားအရ ကုမ္ပဏီလိုင်စင် ယာယီပိတ်သိမ်းထားတဲ့ အေဂျင်စီ (၂၂)ခုရှိပါတယ်။ ကုမ္ပဏီလိုင်စင် ရာသက်ပန် ပိတ်သိမ်းထားတဲ့ အေဂျင်စီ(၁၂)ခု ရှိပါတယ်။ ပြည်ပ အလုပ်အကိုင် အကျိုးဆောင်လုပ်ငန်း ဆက်လက်လုပ်ကိုင်ခြင်းမရှိသဖြင့် ဆန္ဒအလျောက် ရုပ်သိမ်းခဲ့တဲ့ အေဂျင်စီ (၄၀)ခုရှိပါတယ်။

ဒ့ါအပြင် ကုမ္ပဏီမှာရှိတဲ့ မန်နေဂျင်းဒါရိုက်တာနဲ့ ဒါရိုက်တာများကို ၁၉၉၉ ခုနှစ်၊ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေနဲ့ အရေးယူထားတဲ့ အေဂျင်စီ (၆)ခုရှိပါတယ်။ ပြည်ပနိုင်ငံများကို သွားရောက်လုပ်ကိုင်သူ ရွှေ့ပြောင်းအလုပ်သမားများ နစ်နာဆုံးရှုံးမှု မရှိစေဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ အဓိကအားဖြင့်တော့ တရားဝင်လမ်းကြောင်းက သွားကြမယ်ဆိုလို့ရှိရင် သွားရောက်တဲ့ အလုပ်သမားများအနေနဲ့ ဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုများနဲ့ အေဂျင်စီများဟာ စေလွှတ်တဲ့ အချိန်မှစပြီးတော့မှ ပြန်လည်ရောက်ရှိတဲ့အချိန်ထိ တာဝန်ယူလာကျတာဖြစ်ပါတယ်။ အဓိကအားဖြင့် နစ်နာဆုံးရှုံးမှုများနှင့် ဥပဒေအကျိုးခံစားခွင့် မရှိခြင်းသည် အဆိုပါ အလုပ်သမားများအနေနဲ့ တရားမဝင်တဲ့ နည်းလမ်းက သွားရောက်ပြီး တစ်ဖက်နိုင်ငံမှာ တရားမဝင်တဲ့ အလုပ်သမားများ ဖြစ်နေတဲ့အတွက် ဥပဒေနှင့်အညီအကာအကွယ်များ၊ မရရှိဘဲနဲ့ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေမှာ ဖြစ်ပါတယ်။

ဒီအတွက်လည်းပဲ ကျွန်တော်တို့ ဌာနအနေနဲ့ သက်ဆိုင်ရာ နိုင်ငံများနဲ့ MOU လက်မှတ်ရေးထိုးပြီး ကုမ္ပဏီချင်း ချိတ်ဆက်ပြီးတော့မှ တရားဝင်စေလွှတ်ဖို့အတွက် အလုပ်သမားများကို ပညာပေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်နေပါတယ်။ အလုပ်သမားများ ပြောင်းရွှေ့ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့မှ အလုပ်အကိုင် ပြောင်းရွှေ့ချင်တယ်ဆိုလည်းပဲ ကျွန်တော်တို့ သတင်းများကို စုံစမ်းနိုင်အောင်လို့ နိုင်ငံအတွင်းမှာ ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ရေး၊ ကူညီရေး၊ ဗဟိုဌာန Migrant Resource Center များကို ကျွန်တော်တို့ ဝန်ကြီးဌာန၏ အစီအစဉ်၊ (ILO)အစီအစဉ်နှင့် ပူးပေါင်းပြီးတော့မှ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ ထားဝယ်နှင့် တောင်ကြီး၊ တာချီလိတ်မြို့များမှာ ဖွင့်ထားပါတယ်။

အဲဒီ Center တွေကို အချိန်မရွေးဆက်သွယ်မေးမြန်းမယ်ဆိုလို့ရှိရင် သူတို့ကို ဆက်သွယ်တဲ့ အေဂျင်စီဟာ တရားဝင်အေဂျင်စီတွေလား၊ ဟိုမှာရှိတဲ့ အလုပ်အကိုင်တွေဟာ တကယ်ရှိတဲ့ အလုပ်အကိုင်တွေလားဆိုတာ စုံစမ်းမေးမြန်းနိုင်ပါတယ်။ လိုအပ်တဲ့ အခက်အခဲများရှိရင်လည်းပဲ အကူအညီတောင်းခံနိုင်ပါတယ်။ ဒါ့အပြင် International Organization for Migration (IOM) နှင့် ပူးပေါင်းပြီးတော့မှလည်း ရန်ကုန်၊ မော်လမြိုင်၊ မကွေး၊ ဘားအံ၊ စစ်တွေ၊ ပုသိမ်နှင့် ဟားခါးမြို့များတွင်လည်း MRC စုစုပေါင်း (၁၅)ရုံးကို ဖွင့်လှစ်ပြီးတော့မှ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေးအတွက်ကို အသိပညာပေးတာတွေ သတင်းအချက်အလက် ဖြန့်ဝေတာတွေ၊ တိုင်ကြားမှုတွေ လက်ခံပြီး သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီးတော့မှ ပြုလုပ်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနက အလုပ်သမားရှာဖွေရေး (၈၃)ရုံး ဖွင့်လှစ်ထားပါတယ်။ အဲဒီရုံးတွေမှာလည်းပဲ ပြည်တွင်းပြည်ပ အလုပ်အကိုင်များနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကိုလည်း ရရှိနိုင်သလို တိုင်ကြားမှုများလည်း ပြုလုပ်နိုင်ပါတယ်။ တရားဝင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများရဲ့ အချက်အလက်များ၊ လိပ်စာများ၊ ဖုန်းနံပါတ်များ၊ Email လိပ်စာများနှင့်တကွ ဝန်ကြီးဌာန Website များတွင်လည်း ဝင်ရောက်တိုက်ရိုက်ကြည့်ရှုပြီး ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ ဌာနချုပ်မှာလည်းပဲ Complaints mechanism Center တစ်ခု (ရန်ကုန်)လည်းဖွင့်လှစ်ထားပါတယ်။ (၂၄)နာရီ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ဒါ့အပြင် ပြည်ပနိုင်ငံကို သွားရောက်လုပ်ကိုင်မယ့်အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း ရန်ကုန်နဲ့ မန္တလေးတို့မှာ အခမဲ့ ဖွင့်လှစ်ပေးပါတယ်။ ပြည်ပကို သွားရောက်လုပ်ကိုင်မယ့် အလုပ်သမားအားလုံးဟာ အဲဒီသင်တန်းမှာ တက်ရောက်ရပါတယ်။ အလုပ်သမားများအနေနဲ့ ပြည်ပကို မထွက်ခွာမီ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ဆောင်ရန်၊ ရှောင်ရန်တွေ သက်ဆိုင်ရာ နိုင်ငံရဲ့ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု၊ ဥပဒေတွေ အခက်အခဲတစ်စုံတစ်ရာရှိတယ်ဆိုရင် ဆက်သွယ်ရမယ့်ဌာန အဖွဲ့အစည်းများရဲ့ သတင်းအချက်အလက်များကို ပို့ချပေးနေတာဖြစ်ပါတယ်။

အထူးသဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မယ့် အလုပ်သမားများအတွက် ထိုင်းနိုင်ငံက အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦး၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ၊ ကျွန်တော်တို့ ဝန်ကြီးဌာနက အရာထမ်းတစ်ဦးတို့နှင့် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုသည့်အချိန်မှာ စာချုပ်ပါ အချက်အလက်တွေ နှစ်နိုင်ငံဥပဒေပါ အကျိုးခံစားခွင့်များ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောပြပြီးတော့မှ မြဝတီမြို့မှာ အရာထမ်းများက ထပ်မံပြီးတော့ ထိုင်းနိုင်ငံမှာ ဆောင်ရန်၊ ရှောင်ရန် အချက်တွေနှင့် အခက်အခဲကြုံခဲ့ရင် တိုင်ကြားနိုင်တဲ့ လိပ်စာများကိုပါ ပေးပို့ရှင်းလင်းပါတယ်။ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကိုလည်း ထပ်မံရှင်းပြပြီးတော့မှ စေလွှတ်နေတာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပမှာ ရောက်ရှိနေတဲ့ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ဖို့ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိနိုင်ဖို့အတွက် အလုပ်သမားရေးရာကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့နဲ့ ပြည်ပနိုင်ငံများ၏ လုပ်ငန်းအခြေအနေနှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ဖို့ အလုပ်သမားများကို လိုအပ်တဲ့သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ဖို့၊ အကြံဉာဏ်များပေးနိုင်ဖို့ ရည်ရွယ်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနက အလုပ်သမားသံအရာရှိများကို ကိုရီးယားသမ္မတနိုင်ငံမှာ(၁)ဦး၊ ထိုင်းနိုင်ငံမှာ (၅)ဦး၊ မလေးရှားနိုင်ငံမှာ(၂)ဦး စုစုပေါင်းအလုပ်သမား သံအရာရှိ (၈)ဦးကို သက်ဆိုင်ရာမြန်မာသံရုံးများမှာ တွဲဖက်တာဝန်ပေးအပ်ထားပါတယ်။ အလုပ်သမားများနဲ့ ပတ်သက်ပြီးတော့မှ ဖြစ်ပေါ်လာတဲ့ ပြဿနာများကို အလုပ်သမားသံအရာရှိများနှင့် သံရုံးသံအမတ်ကြီး အပါအဝင် ဝန်ထမ်းများက ဖြေရှင်းပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ သံအရာရှိ မရှိတဲ့ နိုင်ငံများမှာလည်း ပြဿနာဖြစ်ပွားမယ်ဆိုရင် အဲဒီနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးများနဲ့ ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း/ ပြည်ပ အလုပ်အကိုင် အေဂျင်စီများမှ သတ်မှတ်ထားတဲ့ ဝန်ဆောင်ခထက် ပိုမိုရယူတဲ့ အလုပ်အကိုင်အေဂျင်စီများကိုလည်းပဲ အရေးယူဆောင်ရွက်ခြင်းများ ရှိသလို၊ ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်မယ့် ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်ကိုလည်း ဝန်ကြီးဌာနအနေနှင့် နည်းလမ်းများ ရှာကြံပြီးတော့ ကြိုတင်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်အနာဂတ်ကာလမှာလည်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ သိရှိနိုင်ဖို့အတွက် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပုံမှန်တစ်လှည့်စီဆောင်ရွက်ပြီး မိမိတို့ အလုပ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ဖို့အတွက်ကို ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီးတော့မှ ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းလုပ်ငန်းကို ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေဖြင့် နိုင်ငံတစ်ဝန်းလုံးမှာ ၁၉၅၂ ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ မြို့နယ် ပေါင်း(၁၁၉)မြို့နယ်မှာ ဆောင်ရွက်ပြီးမှ ၁၉၅၉ ခုနှစ်အိမ်စောင့်အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံး အတိုင်းအတာအထိ တိုးမြှင့်ဆောင်ရွက်ခဲ့တာ ယနေ့အထိပဲဖြစ်ပါတယ်။

အလားတူပဲ နည်းဥပဒေပါအချက်များ ဆောင်ရွက်နိုင်ဖို့အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်း၊ ပြောင်းရွှေ့(ပုံစံ-၁၀) ထုတ်ပေးခြင်းနှင့် မွေးတိုးဆောင်ရွက်ပေးခြင်း၊ သေဆုံးပယ်ဖျက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီစာရင်းများကို သက်ဆိုင်ရာကာယကံရှင်များက သက်ဆိုင်ရာရုံးများမှာ သွားရောက်ပြီး မှတ်ပုံတင်ပုံစံများကို ဖြည့်သွင်းရာမှာ မွေးတိုးစာရင်းဆောင်ရွက်ပေးခြင်း၊ သေဆုံးသူစာရင်းများ ပယ်ဖျက်ပေးခြင်းများဖြစ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းကို ကျွန်တော်တို့ အဆောက်အဦ၊ အမိုးအကာတစ်ခုတည်းအောက်မှာ အတူတကွနေထိုင်ပြီး တစ်စီးပွားတည်းဖြစ်ခြင်း၊ တစ်အိုးတည်း စားသောက်နေထိုင်သူ များဖြစ်တယ်ဆိုလို့ရှိရင် အိမ်ထောင်စုတစ်စုအဖြစ် သတ်မှတ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆ )ကိုလည်း ထုတ်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ လက်ရှိအစိုးရတာဝန်ယူတဲ့ ၁-၄-၂၀၁၆ ရက်နေ့ကစတင်ပြီး ၂၀၁၉ ခုနှစ် မတ်လအထိ သစ္စာစီမံချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆ )ထုတ်ပေးနေပါတယ်။ လက်ရှိ ကျွန်တော်တို့ (၂၈၄၁၅၇)စု ထုတ်ပေးပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်းပဲ စဉ်ဆက်မပြတ် ထုတ်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်သူများ အဆင်ပြေချောမွေ့စေဖို့အတွက် အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးတဲ့လုပ်ငန်းကို ၂၀၁၆ ခုနှစ်ကစပြီး ဖြေလျှော့ပေးတဲ့ နည်းလမ်းများနဲ့ ဆောင်ရွက်ပါတယ်။ နှစ်စဉ်ကျောင်းဖွင့် ရာသီများမှာလည်းပဲ အခြေခံကျောင်းများကို သွားရောက်ပြီး ဆောင်ရွက်ပေးပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။

ဒါ့အပြင် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများနှင့် ရပ်ကွက်/ ကျေးရွာများမှာရှိတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း သစ္စာစီမံချက်နဲ့ စက်ရုံများသွားပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ဖို့ အသက်(၁၀)နှစ်ပြည့်၊ အသက် (၁၈)နှစ်ပြည့်လာသူများကိုလည်း ဆောင်ရွက်နေသလို၊ ပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူလျှောက်ထားသူများကို

လည်းပဲ သက်ဆိုင်ရာမြို့နယ်ဦးစီးရုံးများမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များမှ စာရင်းပြုစုကောက်ယူပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်ဦးစီးရုံးများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ရွာမှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ် များကလည်း ညှိနှိုင်းလာလို့ရှိရင် ကွင်းဆင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူပဲ ကျွန်တော်တို့ မူလဒေသမှ ပြောင်းရွှေ့(ပုံစံ-၁၀) ထုတ်ယူခြင်းမရှိဘဲနဲ့ ရောက်ရှိ လာတဲ့ ပြည်သူများကိုလည်းပဲ ဖြေလျှော့မှုအနေနဲ့ လိပ်စာပြောင်းရွှေ့(ပုံစံ-၁၀)မပါရှိစေကာမူ ကာယကံရှင်ကိုယ်စား မူလနေထိုင်ရာအရပ်ကို ပြန်လည်စေလွှတ်ခြင်း မပြုပါဘူး။ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးအချင်းချင်း ချိတ်ဆက်ပြီးတော့မှ သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်တယ် ဆိုရင် လက်ရှိဒေသနယ်မှာပဲ အိမ်ထောင်စုလူဦးရေစာရင်းများကို ပြည်နယ်အားလုံးမှာ ထုတ်ပေး လျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ တချို့ဝန်ထမ်းများရဲ့ Performance ပေါ့နော်။ စေတနာနှင့် အနစ်နာခံပြီး ဆောင်ရွက်ပေးမယ်၊ တာဝန်ကျေပွန်မယ်ဆိုရင်တော့ ပိုပြီး ထိရောက် ပြီးတော့မှ တချို့ဝန်ထမ်းများလည်း အားနည်းချက်ရှိတယ်ဆိုတာ လေ့လာသိရှိရပါတယ်။

ဒါကြောင့်မို့လို့ ဌာနချုပ်အနေနဲ့လည်းပဲ ဒီကိစ္စများဟာ ကိန်းဂဏန်းများဖြစ်တဲ့အတွက် မည်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်များမှာ ဆောင်ရွက်ချက်တွေ အားနည်းနေတယ် ဆိုတာ တောက်လျှောက် Monitor လုပ်ပါတယ်။ စောင့်ကြည့်လေ့လာပါတယ်။ ယခင်အစိုးရ လက်ထက်က နှစ်အလိုက်ဆောင်ရွက်ခဲ့တဲ့ စာရင်းများနဲ့ ယခုအစိုးရလက်ထက် ဆောင်ရွက်တဲ့ စာရင်းများကို နှိုင်းယှဉ်ပြီး ပိုမိုတိုးတက်အောင် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ (၃)နှစ်တာ ကာလအတွင်းမှာ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ ယခင်အစိုးရလက်ထက် (ပုံစံ-၁၀) ထုတ်ပေးတာ၊ နိုင်(၆-ခ) ထုတ်ပေးတာ နောက်ပြီးတော့မှ (၁၀)နှစ်ပြည့် မှတ်ပုံတင်နှင့် (၁၈)နှစ်ပြည့် မှတ်ပုံတင်ထုတ်ပေးတဲ့ ကိစ္စတွေဟာ အခုချိန်ထိ (၁၀၃၅၉၃၁)ခုအထိ ဆောင်ရွက်နိုင်ပါတယ်။

ဆက်လက်ပြီးတော့မှလည်းပဲ တိုးတက်မှု နှေးကွေးတဲ့နေရာ၊ နှောင့်နှေးနေတဲ့နေရာ တွေမှာ လိုအပ်ချက်တွေ ဖြည့်ပေးတာ၊ ဝန်ထမ်းတွေ ဖြည့်ဆည်းပေးတာ၊ ဆောင်ရွက်ပြီး ပိုမို တိုးတက်အောင် ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီမှာ လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကော်မရှင်ရုံးတွေနဲ့ ညှိနှိုင်းပြီး (ပုံစံ-၁၀) ထုတ်ပေးနိုင်ဖို့ အမျိုးသားမှတ်ပုံတင် ထုတ်ပေးနိုင်ဖို့နှင့် အထူးစီမံချက်တစ်ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကိုယ်စားလှယ်ကြီး မေးမြန်းသလို (ပုံစံ-၁၀)ကို သက်ဆိုင်ရာ မြို့နယ်များကို သွားရောက်ယူရန်မလိုဘဲနဲ့ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီး ဆောင်ရွက်ပေးဖို့နဲ့ ကျွန်တော်တို့ (၁၈)နှစ်ပြည့်သူများကိုလည်းပဲ ဖြေလျှော့ပြီး တိုင်းရင်းသားနိုင်ငံသားများကို အထူး စီမံချက်တစ်ရပ်အနေနဲ့ (ပုံစံ-၁၀)နဲ့ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ရရှိရေးအတွက်ကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံအားလုံးတို့မှာ သမဂ္ဂများ တရားဝင်ဖွဲ့စည်းနိုင်ပါတယ်။ အဲဒီလို ဖွဲ့စည်းနိုင်ဖို့အတွက်ကို ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေ ပြည်ထောင်စုဥပဒေ အမှတ် ၇ နဲ့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဲဒီဥပဒေနှင့်အညီ ကျွန်တော်တို့ ဖွဲ့စည်းခွင့်ပေးနေတာ ဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ အခန်း(၂)မှာ ဖွဲ့စည်းမှုများနဲ့ ပတ်သက်ပြီး အတိအကျဖော်ပြထားပါတယ်။ တည်ဆဲဥပဒေ သတ်မှတ်ထားတဲ့ အသက်အရွယ်ရှိတဲ့ အလုပ်သမားတိုင်းဟာ ဆန္ဒအလျောက် အလုပ်သမားအဖွဲ့အစည်းမှာ အလုပ်သမားအဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်နှင့် နှုတ်ထွက်ခွင့်ရှိပါတယ်။

အခြေခံအလုပ်သမား အဖွဲ့အစည်းကို လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမား အနည်းဆုံး (၃၀)ဦးနဲ့ ဖွဲ့စည်းနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်းအမျိုးအစားအလိုက် အခြေခံအလုပ်သမားအဖွဲ့အစည်း စုစုပေါင်းရဲ့ (၁၀)ရာခိုင်နှုန်း အောက်မနည်းထောက်ခံရင် ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလုပ်သမားအဖွဲ့အစည်းကို မြို့နယ်အလုပ်သမားအဖွဲ့စုစုပေါင်း (၁၀)ရာခိုင်နှုန်းအောက်မနည်း ထောက်ခံတယ်ဆိုရင် ဖွဲ့စည်းနိုင်ပါတယ်။ အလုပ်သမားအဖွဲ့ချုပ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အလုပ်သမား အဖွဲ့အစည်းစုစုပေါင်းရဲ့ (၁၀)ရာခိုင်နှုန်းအောက်မနည်းနဲ့ ထောက်ခံမှုရှိရင် ဖွဲ့စည်းနိုင်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်သမားအဖွဲ့ချုပ်စုစုပေါင်းရဲ့ (၂၀)ရာခိုင်နှုန်းအောက်မနည်း ထောက်ခံရင် ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေ ပြဋ္ဌာန်းခဲ့ပြီးနောက် ဒီနေ့အချိန်အထိ အလုပ်သမားအဖွဲ့အစည်း အခြေခံမြို့နယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဖွဲ့ချုပ်နှင့် ကျွန်တော်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအဖွဲ့ စုစုပေါင်း အလုပ်သမားအဖွဲ့အစည်း (၂၉၂၉)ဖွဲ့ ရှိပါတယ်။ အလုပ်ရှင်အဖွဲ့အစည်း(၂၉)ဖွဲ့ရှိပါတယ်။ စုစုပေါင်း (၂၉၅၈)ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်တယ်လို့ တင်ပြလိုပါတယ်။ အဲဒီဥပဒေရဲ့ အခန်း(၅)မှာ အလုပ်သမားအဖွဲ့အစည်းရဲ့ အခွင့်အရေးများ၊ တာဝန်များကိုလည်း အတိအကျ ပြဋ္ဌာန်းထားပါတယ်။ အဲဒီအခွင့်အရေးများနှင့် တာဝန်အခန်းကဏ္ဍမှာ အလုပ်သမားအဖွဲ့အစည်းဟာ ဖွဲ့စည်းပုံနှင့် စည်းမျဉ်းများကို ရေးဆွဲဖို့၊ ကိုယ်စားလှယ်ရွေးချယ်ဖို့၊ စီမံခန့်ခွဲမှုနဲ့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ဖို့၊ အစီအစဉ်များ ရေးဆွဲချမှတ်ခြင်းတို့မှာ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။

အလုပ်သမားဥပဒေပါ အခွင့်အရေးများနှင့်အညီ ခံစားခွင့်များ မရရှိရင်လည်းပဲ အလုပ်ရှင်နှင့် ညှိနှိုင်းပြီး ဖြေရှင်းခွင့်ရှိပါတယ်။ သဘောတူညီမှု မရရင် သက်ဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိပါတယ်။ အလုပ်သမားတစ်ဦးကို အလုပ်သမားဥပဒေနဲ့မညီဘဲ အလုပ်မှ

ထုတ်ပယ်မယ်ဆိုလို့ရှိရင်လည်း ထိုအလုပ်သမားကို ပြန်လည်ခန့်ထားပေးရန် အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိပါတယ်။ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုကို ဖြေရှင်းတဲ့နေရာမှာ ကိုယ်စားလှယ်စေလွှတ်ခွင့်၊ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားနဲ့ပတ်သက်ပြီး သုံးပွင့်ဆိုင်ဆွေးနွေးတဲ့နေရာမှာ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခွင့်နဲ့ အလုပ်သမားများရဲ့ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရှိတယ်လို့ ထည့်သွင်းဖော်ပြထားပါတယ်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်သမားများရဲ့ ဥပဒေပါ ရပိုင်ခွင့်များ ပြည့်ဝမှန်ကန်စွာရရှိရေးအတွက် စစ်ဆေးရေးအရာရှိတို့ရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံဆိုင်ရာ အလုပ်ဌာနများကို စီမံချက်ရေးဆွဲပြီး စည်းကြပ်ဥပဒေဖြစ်တဲ့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေနဲ့ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေများဖြင့် ပုံမှန်စစ်ဆေးတာ၊ ပြန်လည်စစ်ဆေးတာ၊ အထူးစစ်ဆေးတာတွေ ပြုလုပ်ပြီး အဆင့်ဆင့်စစ်ဆေးပြီးတော့မှ ပညာပေးမှုတွေ ပြုလုပ်ပါတယ်။ ဥပဒေ လိုက်နာမှုမရှိဘူးဆိုလို့ရှိရင်လည်းပဲ အရေးယူခြင်းများကို ဆောင်ရွက်နေပါတယ်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ဦးစီးပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒါ့အပြင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဖြစ်ပွားမယ်ဆိုရင် စက်ရုံ၊ အလုပ်ရုံများမှာ လုပ်ငန်းခွင်မပျက် ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်နဲ့ အလုပ်ရှင်နှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွေကြားမှာ ဆက်ဆံရေးကောင်းမွန်စေဖို့အတွက်ကို ရည်ရွယ်ပြီးတော့မှဆောင်ရွက်တဲ့အပြင် လုပ်ငန်းခွင်စည်းကမ်းများနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းဖို့ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ မြှင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် အလုပ်သမားဥပဒေ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအခန်း(၂)မှာ ပုဒ်မ ၃ နဲ့ ၄ တို့မှာ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordinating Committee – WCC)ဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးတဲ့အချက်များကို အဲဒီ WCC မှာ အတိအကျဆောင်ရွက်နိုင်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် စက်ရုံ၊ အလုပ်ရုံနှင့်ဆိုင်တဲ့ အလုပ်သမားဌာနများမှာ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အလုပ်သမားများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ အလုပ်ရှင်၊ အလုပ်သမားများ ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာနိုင်ဖို့အတွက်ကို ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာဆိုင်ရာ အငြင်းပွားမှုဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

အငြင်းပွားမှုဖြစ်ပွားလာမယ်ဆိုလို့ရှိရင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ WCC နဲ့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ သုံးပွင့်ဆိုင်ပါဝင်တဲ့ မြို့နယ်ညှိနှိုင်း ဖြန်ဖြေရေးအဖွဲ့၊ ခုံသမာဓိ အဖွဲ့၊ ခုံသမာဓိကောင်စီတို့နှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးခြင်းများ၊ ဆုံးဖြတ်ခြင်းများကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဥပဒေနှင့်အညီ အလုပ်သမားများရဲ့ အရေးကိစ္စများကို အလုပ်သမားရေးရာ ညှိနှိုင်းမှုလုပ်ငန်းကော်မတီများနဲ့ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ ပြီးတော့မှ မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၊ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းဆွေးနွေးပြီး အလုပ်သမားများဟာ နစ်နာမှုရှိတယ်ဆိုရင် တရားလွှတ်တော်ချုပ်ထိ စာချွန်လွှာ တက်ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ တည်ဆဲဥပဒေများနှင့်အညီ အလုပ်သမားရေးရာများကို ဖြေရှင်း ဆောင်ရွက်လျက်ရှိတဲ့အတွက် ကိုယ်စားလှယ်ကြီးတင်ပြသလို စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းရန် မလိုအပ်ပါကြောင်းနဲ့ အလုပ်သမားပြဿနာများကို ဖြေရှင်းရန် ဥပဒေနှင့်အညီ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း (၂၈၃)ရွာရှိပြီး စာသင်ကျောင်းများအဖြစ် အ-ထ-ကကျောင်း(၁၀)ကျောင်း၊ အ-ထ-က(ခွဲ)(၁၁)ကျောင်း၊ အ-လ-က (၂၁)ကျောင်း၊ အ-လ-က(ခွဲ)(၂၂)ကျောင်း၊ မူလွန်ကျောင်း (၄၁)ကျောင်း၊ အ-မ-က (၁၁၇)ကျောင်း၊ အ-မ-က(ခွဲ)(၃၃)ကျောင်း စုစုပေါင်း (၂၅၆)ကျောင်း ရှိပါတယ်။ အဆိုပါကျောင်းများထဲတွင် အသစ်ဆောက်လုပ်ရန် လိုအပ်တဲ့ ကျောင်းဆောင်များလည်း များစွာရှိနေပါတယ်။ ၎င်းလိုအပ်ချက်များထဲမှ ယခုကျွန်တော်မေးမြန်းမယ့် ကျေးရွာများမှာ ကျောင်းဆောင်များ မဖြစ်မနေ ဆောက်လုပ်ရန်လိုအပ်တဲ့ ကျောင်းများဖြစ်ပါတယ်။ Power Point ဖြင့် ပြသခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ဒါတွေကတော့ လက်ရှိ ကျွန်တော်တို့ မြင်နေရတဲ့အတိုင်း ကျောင်းဆောင်တွေက ပညာသင်ကြား၍မရနိုင်တဲ့ အဆင့်မှာ ရောက်နေပါတယ်။ လင်ကွီကျေးရွာ အ-ထ-ကကျောင်းမှာ အထက်တန်းအဆင့် ကျောင်းသား(၂၀)ဦး၊ အလယ်တန်းအဆင့်ကျောင်းသား(၁၂၆)ဦး၊ မူလတန်းအဆင့်ကျောင်းသား(၁၀၉)ဦးနဲ့ စုစုပေါင်း(၂၅၅)ဦးရှိတဲ့ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ကျောင်းအဆောက်အအုံမှာ (၆၀x၃၀x၁၂) ပေ (၁)ထပ်အုတ်ညှပ် ပင်မဆောင်တစ်ဆောင်ပဲရှိပြီး ၎င်းကျောင်းမှာလည်း UNDP မှ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး အစိုးရဘဏ္ဍာငွေမှ ဆောက်လုပ်ပေးတဲ့ ကျောင်းဆောင်မရှိသေးပါ။ ဝါး၊ ဓနိများနဲ့ ယာယီအဆောက်အအုံ (၂)ဆောင်ရှိနေပြီး ယခုအချိန်တွင် အန္တရာယ်ဆောင်များဖြစ်နေပါသည်။ ပုံမှာမြင်တွေ့ရတဲ့ အတိုင်းပါပဲ၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လုံးဝအသုံးပြု၍မရတဲ့ ကျောင်းအဆောက်အအုံများ ဖြစ်နေပါတယ်။ ကျောင်းဆောင်များနဲ့ ကျောင်းသား၊ စာသင်ခန်းများ လုံလောက်မှုမရှိသော ကျောင်းဖြစ်ပါတယ်။ လင်ကွီကျေးရွာမှာ ပီချောင်းဒေသရှိ အစွန်အကျဆုံး ကျေးရွာတစ်ရွာဖြစ်ပြီး ပင်မအထက်တန်းကျောင်း(ဝဲကြီးဒေါင့်)နှင့် (၅)မိုင်ခန့် ကွာဝေးပြီး ကျောင်းသားအင်အား ပိုမိုများပြားလာနိုင်တဲ့ ကျောင်း (၁)ကျောင်းလည်းဖြစ်ပါတယ်။

ကြာညီပြင်ကျေးရွာမှာ အ-ထ-က(ခွဲ)ကျောင်းမှာ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်းပေါ်တွင်ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကြာညီပြင် အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားဦးရေမှာ အထက်တန်းအဆင့် (၅၂)ဦး၊ အလယ်တန်း

အဆင့်(၁၈၉)ဦး၊ မူလတန်းအဆင့်(၁၀၅)ဦး၊ စုစုပေါင်း(၃၄၆)ဦးရှိပါတယ်။ ကျောင်းဆောင်များအဖြစ် (၁၂၀x ၃၀x ၁၂)ပေ ဝါး၊ ဓနိကာ ယာယီအဆောက်အအုံ(၂)ဆောင်ရှိပြီး ကျောင်းဆောင်နှင့် စာသင်ဆောင်များ လောက်ငမှု မရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။

အထက်ပါ လင်းကွီကျေးရွာ အ-ထ-က(ခွဲ)နဲ့ ကြာညိုပြင်ကျေးရွာ အ-ထ-က(ခွဲ) ကျောင်းများတွင် ကျောင်းသားနဲ့ကျောင်းဆောင် လောက်ငမှုမရှိတဲ့အတွက် ပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း လင်းကွီကျေးရွာ အထက်တန်းကျောင်း(ခွဲ)နှင့် ကြာညိုပြင် ကျေးရွာအထက်တန်းကျောင်း(ခွဲ)တို့တွင် (၁၈၀ x ၃၀ x ၁၂ ) ပေ RC (၁)ထပ်ကျောင်းဆောင် (၁)ဆောင်စီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

လင်းကွီကျေးရွာ အ.ထ.က (ခွဲ) ယာယီအဆောက်အအုံ (အန္တရာယ်ဆောင်) မြင်ကွင်းပုံ (၄၄)



လင်းကွီကျေးရွာ အ.ထ.က (ခွဲ) ယာယီအဆောက်အအုံ (အန္တရာယ်ဆောင်) မြင်ကွင်းပုံ (၄၄-၁)



ကြာညိုပြင်ကျေးရွာ အ.ထ.က (ခွဲ) ကိုယ်ထူကိုယ်ထ ယာယီကျောင်းဆောင် မြင်ကွင်းပုံ (၄၄-၂)



**မြန်မာနိုင်ငံတွင် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာရရှိရေးနှင့် ပတ်သက်၍ လွန်စွာအားနည်းနေသေးသည်ဖြစ်ပါ၍ အစာအာဟာရ သိပ္ပံနည်းပညာ Food Technology နှင့် ပတ်သက်သော ကျောင်းများ၊ ဒီပလိုမာ၊ ကောလိပ်၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး က မြန်မာနိုင်ငံတွင် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာရရှိရေးနှင့် ပတ်သက်၍ လွန်စွာအားနည်းနေသေးသည်ဖြစ်ပါ၍ အစာအာဟာရ သိပ္ပံနည်းပညာ Food Technology နှင့် ပတ်သက်သော ကျောင်းများ၊ ဒီပလိုမာ၊ ကောလိပ်၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့နေရာများတွင် Technical Term များအား အင်္ဂလိပ်ဘာသာဖြင့် တင်ပြခွင့်ပြုပါရန် ကြိုတင် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ် The Economic Intelligence Limited Data အရ National Resources and Resilience Ranking သဘာဝထွက်ကုန် ပေါကြွယ်မှုအဆင့်တွင် မြန်မာ နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ထိပ်ဆုံးနေရာနှင့် ကမ္ဘာ့နေရာ(၁၁၃)နိုင်ငံတွင် အမှတ်စဉ် (၂၇)

နေရာတွင် တည်ရှိလျက်ရှိနေသော်လည်း Global Food Security Index အစားအစာ ဘေးကင်းလုံခြုံမှု ညွှန်းကိန်းတွင် အာဆီယံနိုင်ငံများ၌ နောက်ဆုံးအဆင့် (၃)နေရာတွင်သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံ(၁၁၃)နိုင်ငံတွင် အဆင့်(၈၀)တွင်သော်လည်းကောင်း တည်ရှိနေကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံဟာ Agriculture Based Country လယ်ယာ၊ သားငါးအခြေခံနိုင်ငံဖြစ်လျက် သဘာဝအစားအစာထွက်ကုန် ပေါကြွယ်ဝသော်လည်း အစားအစာ ဘေးကင်းလုံခြုံမှု၊ အာဟာရပြည့်ဝဖူလုံမှုအရာတွင် နိုင်ငံတကာတွင်သာမက အာဆီယံနိုင်ငံများအတွင်းတွင်ပင် အဆင့်နိမ့်ကျနေရခြင်း၏ အဓိကအကြောင်းအရင်းမှာ အစားအစာထုတ်လုပ်မှု နည်းပညာများ Food Technology တွင် သိကျွမ်းနားလည်မှု အားနည်းနေလျက်ရှိသည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အလားတူပင် မြန်မာနိုင်ငံမှ Primary Agriculture Product များကို ပြည်ပမှ Value Added လုပ်ပြီး Global Market နှင့် မြန်မာ Local Market များတွင် ထိုးဖောက်လာမှုများကို ယှဉ်ပြိုင်နိုင်ရေးအတွက်လည်းကောင်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိနိုင်ရေး SEZ များရှိ Food Industry များတွင် Food Technologist များ၊ Food Technician များ၊ မွေးထုတ်နိုင်ရေးအတွက်လည်းကောင်း လိုအပ်လျက်ရှိနေပါတယ်။ အိမ်နီးချင်း Thailand နိုင်ငံတွင်ပင် University (၇၀)ကျော်မှ Under Graduate Degree Program M.Sc နှင့် Ph.D Program များ နှစ်ပေါင်းများစွာမှ ဖွင့်လှစ်သင်ကြားထားမှုနှင့် ယှဉ်ပါလျှင် မြန်မာနိုင်ငံမှာ လွန်စွာ အားနည်းလျက်ရှိနေသေးပါကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အခြား အာဆီယံနိုင်ငံများနည်းတူ Institute of Food Science Technology များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၄။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့အတွင်း လင်ကွီကျေးရွာနှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာအထက်တန်း

ကျောင်း(ခွဲ)တို့တွင် RC (၁)ထပ်ကျောင်းဆောင် (၁)ဆောင်စီကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဦးစွာဖြေကြားပေးပါမယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း အသစ်ဆောက်လုပ်ရန် (၁၃)ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၆၄)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်မည့် ကျောင်းသစ်(၉၀)ကျောင်း၊ သိပ္ပံဆောင် ဆောက်လုပ်ရန် (၅)ကျောင်း၊ ဆရာ၊ ဆရာမဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်(၁၆)ကျောင်း၊ စာကြည့်တိုက် ဆောက်လုပ်ရန်(၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းဆောင်ပေါင်း(၁၉၃)ခုတို့ကို ခွဲဝေရရှိသည့် ရန်ပုံငွေအခြေအနေအရ ထည့်သွင်းလျာထားခဲ့ပါတယ်။ ဒီလိုလျာထားရာမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်တော်မြို့နယ်မှ အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်ရန် (၆)ကျောင်း၊ ကျောင်းသားဦးရေ တိုးချဲ့ဆောက်လုပ်ရန် (၈)ကျောင်း၊ စာကြည့်တိုက် ဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်း(၁၅)ကျောင်း ပါဝင်ခဲ့ပါတယ်။ ဒီလို ပါဝင်တဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောက်တော်မြို့နယ်အတွင်းရှိ လင်ကွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကြာညိုပြင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့မှာ တိုးချဲ့ဆောင် (၁)ဆောင်စီအား ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရဲမြင့်စိုး ရဲ့ မေးခွန်းဖြစ်သော မြန်မာနိုင်ငံတွင် အစားအစာ ဘေးကင်းလုံခြုံရေးနဲ့ အာဟာရပြည့်ဝစွာ ရရှိရေးတို့သည် လွန်စွာအားနည်းနေသည်ဖြစ်၍ အစာအာဟာရ သိပ္ပံနည်း ပညာ Food Technology နဲ့ပတ်သက်သည့် ကျောင်းများ၊ ဒီပလိုမာ၊ ကောလိပ်၊ တက္ကသိုလ်များ၊ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘွဲ့လွန်ဒီပလိုမာ၊ အစာအာဟာရဆိုင်ရာ Diploma of Food Technology (၁)နှစ် သင်တန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနမှာ ၁၉၇၃ – ၁၉၇၄ ခုနှစ်ကတည်းကစပြီး စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ခေတ္တရပ်နားခဲ့ရာမှာ အရည်အသွေးမြင့်မားသော အစာအာဟာရဆိုင်ရာ ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ပြီး ယခု ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှာ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အစာအာဟာရဆိုင်ရာ မဟာဘွဲ့ Master of Food Technology (၂)နှစ်သင်တန်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစပြီး ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြပါတယ်။

ဒါ့အပြင် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ Bachelor Engineering B.E (Food engineering) (၆)နှစ်သင်တန်းကိုလည်း ယခု လာမယ့်ပညာသင်နှစ်ကစပြီး စတင်ဖွင့်လှစ်ဖို့ စီမံဆောင်ရွက်ပြီးဖြစ်ပါတယ်။ အစာအာဟာရ သိပ္ပံနည်းပညာနှင့် သက်ဆိုင်သည့် Food Technology ဆိုင်ရာ ဘာသာရပ်သင်တန်းများကို နည်းပညာတက္ကသိုလ် ကျောက်ဆည်မှာလည်း ဖွင့်လှစ်ထားလျက်ရှိပါတယ်။ ဒါ့အပြင် မန္တလေးနည်းပညာတက္ကသိုလ်တွင် အစာအာဟာရဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ (၁)နှစ်သင်တန်းကို ယခု ၂၀၁၉ - ၂၀၂၀ မှာ ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒ ပညာဌာနမှာလည်း နိုင်ငံတော်၏ Food Sector အား ပံ့ပိုးပေးသည့်အနေဖြင့် ကုန်ထုတ်ဒီပလိုမာ၊ ကုန်ထုတ်ဓာတုဒီပလိုမာ၊ စားသောက်ကုန်လုပ်ငန်း အထူးပြု (၁)နှစ်သင်တန်းကို ကုန်ထုတ်ဓာတုဗေဒအထူးပြုဘွဲ့ရများနှင့် စားသောက်ကုန်နှင့် ဆက်စပ်လျက်ရှိသော ဝန်ထမ်းများကို ဝင်ခွင့်စာမေးပွဲဖြေဆိုစေပြီး စာသင်ကြားပေးလျက်ရှိပါတယ်။ ဒီသင်တန်းတွေမှာ ၂၀၁၆ ခုနှစ်ကစပြီး Food Processing အပါအဝင် Food Nutrition, Food Packaging and Food engineering, Food Control စတဲ့ module အသစ် သင်တန်းများလည်း ထည့်သွင်းပို့ချလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်တက်ရောက်စေခြင်းဖြင့် ဆရာများ၏ အရည်အသွေး မြင့်မားစေရန် ဆောင်ရွက်လျက်ရှိပြီး အစားအသောက်ထောက်ခံချက် လျှောက်ထားသောလုပ်ငန်းများအား နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် Quality,Safety တို့နှင့် ပြည့်စုံကိုက်ညီမှုရှိအောင် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာ ရရှိရေးတို့အတွက် အစာအာဟာရသိပ္ပံနည်းပညာ Food Technology ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း Master of Food Science များနှင့် Ph.D of Food Science များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ Food Sector အတွက် ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ရန် Training ရရှိပြီးဖြစ်သော သင်ကြားရေးဆရာ၊ ဆရာမများ လေ့ကျင့်လျက်ရှိခြင်း၊ ဓာတ်ခွဲခန်းများလုံလောက်စွာရှိအောင် ဖြည့်ဆည်းပေးလျက်ရှိခြင်း၊ စာတွေ့သင်ရုံနှင့်မလုံလောက်ဘဲ လက်တွေ့သင်ကြားနိုင်မည့် Food Processing Pilot

Plant များ ဆောင်ရွက်လျက်ရှိခြင်းတို့ကို တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၇-၂-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၂။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်**ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊** အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြီးပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို အခန်း(၁)၊ အပိုဒ် ၃၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ်ခွဲ(ည)မှာ လုပ်ငန်းလိုင်စင် ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။ အဲဒါကို ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ လုပ်ငန်းလိုင်စင်ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ခေါ်သည်လို့ ပြင်ဆင်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေမှာ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသောဆိုတာ ပါပြီးသားဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုဆိုတာ နှစ်ခါပါနေတယ် ဆက်သွယ်ရေးက။ အဲဒါကြောင့်မို့လို့ ဥပဒေမှာ စကားလုံး ကျစ်လျစ်သိပ်သည်းရန်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဌ)မှာ အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ ဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးအဖွဲ့လို့ ဆိုပါတယ်။ ကျွန်တော်ကတော့ ဒါကို ပြင်ဆင်လိုပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် ကော်ပိုရေးရှင်းတို့၊ ကုမ္ပဏီတို့ ဆိုတဲ့ လုပ်ငန်းတွေမှာ စီမံခန့်ခွဲရေးနည်းစနစ်ကိုပဲ ကျင့်သုံးသလို တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်တဲ့ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းကနေ စုပေါင်း၍ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ထို့အတူပဲ ဒီနေ့ ကမ္ဘာမှာ တိုးတက်နေတဲ့ လူဦးရေအလွန်နည်းပါးတဲ့ အစ္စရေးနိုင်ငံဆိုရင် အာရပ်တွေ ဝန်းရံနေတဲ့နိုင်ငံတွေထဲမှာ တကယ့်နိုင်ငံငယ်တစ်ခု ဖြစ်သော်ငြားလည်း သူ့တို့ရဲ့ လုပ်ငန်းဆောင်တာတွေမှန်သမျှ စီမံခန့်ခွဲရေးနည်းနှင့် တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ပြီး အထက်နဲ့အောက်ဆိုတဲ့ ခွဲခြား ဆက်ဆံမှုမျိုးမရှိဘဲနဲ့ တစ်ဦးနဲ့တစ်ဦး လုပ်ငန်းတစ်ခု Plan တစ်ခုကို လုပ်တော့မယ်ဆိုရင် အထက်နဲ့အောက် စုပေါင်းပြီးတော့ တစ်ထိုင်တည်းဖြေရှင်းတဲ့လုပ်ငန်းစနစ်ကို ကျင့်သုံးပါတယ်။ အဖြေတစ်ခုရပြီဆိုမှ စုပေါင်းပြီးလုပ်ဆောင်တဲ့ စီမံခန့်ခွဲတဲ့နည်းနဲ့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း စီမံခန့်ခွဲရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲရေးအဖွဲ့ကိုဆိုသည် ဆိုတဲ့အချက်ကိုပဲ အသုံးပြုရန် ပြင်ဆင်လိုကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၅။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အပိုဒ်(၆)ခုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမကတော့ အပိုဒ် ၆၊ မူလ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ ပုဒ်မ ၇ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြောထားတဲ့နေရာမှာ ဒီ ဝန်ကြီးဌာနသည် ကိန်းဂဏန်းမြင့်တဲ့ စာရင်းအချက်အလက်များ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ကာလသတ်မှတ်၍ ဖွဲ့စည်းဆောင်ရွက်ရမည် ဆိုပြီးတော့ရေးထားပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြန်လည်ပြင်ဆင်ဖို့ ဆွေးနွေးလိုပါတယ်။ အဲဒီတော့ ကာလသတ်မှတ်ပြီး လုပ်ငန်းစစ်ဆေးပေမယ့် ကျွန်တော်တို့ ဒီပုဒ်မရဲ့ အဓိကရည်ရွယ်ချက်က Reporting System မပါဘဲနဲ့ ဖြစ်နေတာတွေ့ရပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ

ဖြည့်စွက်တာက Reporting System ဖြစ်ပါတယ်။ Reporting System မပါတဲ့အတွက်ကြောင့် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

အဲဒီလို Reporting System မပါတဲ့အတွက် ဘာဖြစ်လဲဆိုတော့ Disclosed Policy ပေါ့နော်။ ဒီဟာနဲ့ပတ်သက်ပြီး Assent တွေကို ဘယ်လိုကြည့်လို့ရမလဲ။ ဘယ်လိုလေ့လာလို့ရမလဲ ဆိုတဲ့ Disclosure for see ပွင့်လင်းမြင်သာစွာ ချပြထားတဲ့အချက် မပါတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မတစ်ခုက အခန်း(၅) စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကတော့ အုပ်ချုပ်မှုအဖွဲ့လို့ ရေးထားပါတယ်။ အုပ်ချုပ်မှုအဖွဲ့နဲ့ ဒီ Management နဲ့ Administrative က ဒီဘက်မှာ Modern က အရမ်းကွဲသွားပါတယ်။ Management ဆိုတာကတော့ ကျွန်တော်တို့ Professional ကိုသွားတဲ့ဟာ ဖြစ်ပါတယ်။ စီမံခန့်ခွဲရေးကတော့ အုပ်ချုပ်မှုဆိုတာ များသောအားဖြင့် Welfare ကိုသွားတာများပါတယ်။ အပေါ်ကနေပြီးတော့ Decentralized ပဲ သွားတာများပါတယ်။ ဒါကြောင့် ကော်ပိုရေးရှင်းဥပဒေလို့ တစ်ခုပြောလိုက်ရင် ဒါ Profit Orientation ဖြစ်တဲ့အတွက် အကျိုးအမြတ်ကို ရှာဖွေရတဲ့အတွက် ဒီဖက်ခေတ်မှာ Corporation တွေ တော်တော်များများကို စီမံခန့်ခွဲမှု Management Board တို့ ဘာတို့ပဲ သုံးတာများပါတယ်။ ဒါကြောင့်မို့ အမျိုးသား လွှတ်တော်က နဂိုအဆိုပြုချက်အတိုင်းပဲ ပြန်လည်ပြင်ဆင်ဖို့ ကျွန်တော် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နောက် အပိုဒ် ၂၄ (ဃ)မှာ ကျွန်တော် KPI နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်က (၆)လ တစ်ကြိမ်လို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က (၁)နှစ် တစ်ကြိမ်ပါ။ အဲဒီတော့ ကော်ပိုရေးရှင်းတို့ ဘာတို့ဆိုတာ Business ဖြစ်တဲ့အတွက် သူက အမြဲတမ်း သူ့ရဲ့အလုပ်က Dynamic ဖြစ်ပါတယ်။ အမြဲတမ်း ရှင်သန်ရပြီး ရုန်းကန်နေရတာ Competitive လည်းသိပ်များပါတယ်။ ပြိုင်ဆိုင်မှုလည်းများတဲ့အတွက် ဒီကော်ပိုရေးရှင်းဘက်ကို ဝင်ပြီဆိုတာနဲ့ ကျွန်တော်တို့ (၁)နှစ်တစ်ကြိမ်မှ KPI လုပ်မယ်ဆိုရင် KPI လုပ်တဲ့အတွက် တော်တော်ကို နှောင့်နှေး ပါတယ်။ အဲဒီတော့ (၆)လ တစ်ကြိမ်ဆိုတာ ကျွန်တော် အနည်းဆုံး ထားတာပါ။ တချို့ City Mart တို့ Ocean တို့မှာ (၁)လ တစ်ကြိမ်ပဲရှိပါတယ်။ အဲဒီတော့ KPI ကို (၁)လ တစ်ကြိမ်တောင် ကျွန်တော်က ထားချင်တာ။ ဒါပေမဲ့ ဒီဖက်ခေတ်မှာ သူတို့က အရမ်းကို KPI ပဲ လုပ်နေရတဲ့အတွက်ဆိုပြီး (၆)လ ထားခြင်းဖြစ်ပါတယ်။ အခုဟာက (၁)နှစ် တစ်ကြိမ်ဆိုတော့ ဘယ်လိုမှကို (၁)နှစ် တစ်ကြိမ်တော့ သိပ်အလုပ်မဖြစ်ပါဘူး။ KPI ဟာ များသောအားဖြင့် ကျွန်တော့် Ocean တို့ ဘာတို့မှာ တွေ့ဖူးမှာပါ။ ဒီလအတွက် အကောင်းဆုံးဝန်ထမ်းကို ဓာတ်ပုံတွေနဲ့ ဖော်ပြတာတို့ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ Business ကို စဉ်းစားမယ်ဆိုတော့ Business

အတိုင်းပဲ လုပ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ကျွန်တော် ပြန်ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နောက် (၄)မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း စီမံချက်ကိုတဲ့ ဝန်ကြီးဌာနကို နှစ်ဝက်စီမံချက်နဲ့ နှစ်စဉ်စီမံချက် တင်ပြရမယ်ဆိုလို့ ကျွန်တော် အမျိုးသားလွှတ်တော်မှာ တင်ပြတာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကတော့ ဒီအခြေအနေတွေကို နှစ်စဉ်တင်ပြရမယ်ဆိုတဲ့ Year Reporting ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကော်ပိုရေးရှင်းရဲ့ Modern ကို လိုက်နာဖို့ ပြောခြင်းဖြစ်ပါတယ်။ ကော်ပိုရေးရှင်းတွေ တော်တော်များများဟာ နှစ်ဝက်၊ (၃)လ တစ်ကြိမ်၊ (၆)လ တစ်ကြိမ်၊ (၉)လ တစ်ကြိမ်၊ (၁၂)လ တစ်ကြိမ်တောင်မှ သူတို့ရဲ့ ဘတ်ဂျက်စီမံချက်၊ လုပ်ငန်းစီမံချက် ခုနကပြောတဲ့ KPI စီမံချက်၊ ကော်ပိုရေးရှင်းစီမံချက်၊ Financial စီမံချက်တို့ တင်ပြရတာဖြစ်ပါတယ်။ အဲဒီတော့ ကော်ပိုရေးရှင်းဖြစ်လာပြီဆိုရင် အဓိကကိုင်တွယ်ရတဲ့ စာရင်းကိုက ဝန်ထမ်း၊ ဝန်ထမ်းဘယ်လောက်ပဲများများ သူက လစာ (၈၀၀၀)၊ (၁၀၀၀၀) ယူထားပြီးတော့မှ ဒီစီမံချက်လေးကို (၁)နှစ်တစ်ကြိမ် လုပ်ရမယ်ဆိုတော့ သူရတဲ့အခွင့်အရေးနဲ့ သူလုပ်ရမယ့် Function က မမျှတာဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဆွေးနွေးတင်ပြပါတယ်။

နောက် ပုဒ်မ ၂၆ ကတော့ ပြည်သူ့ဝန်ထမ်းဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒါကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထောက်ခံတင်ပြပါတယ်။ အဲဒီမှာတော့ အတည်ပြုဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည် ဆိုတဲ့အချက်ကို ကျွန်တော် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၁၁။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခု ပြည်သူ့ လွှတ်တော်က အတည်ပြုချက်နဲ့ ပြန်လည်ပေးပို့ထားတဲ့ မြန်မာ့ဆက်သွယ်ရေးဥပဒေကြမ်းကို

ဆီလျော် ပြေပြစ်စေရန် ရေးထုံးရေးနည်းများကို ပြင်ဆင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။

ကျွန်တော် ပုဒ်မ ၁၁(ဃ)က ရေးထုံးရေးနည်းကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီမှာ အမျိုးသားလွှတ်တော်က သို့မဟုတ် ဆိုတဲ့စကားရပ်ကို ပြည်သူ့လွှတ်တော်က ဒီမှာ ဖြစ်စေ ဆိုတဲ့ စကားရပ်နဲ့ သုံးထားတာဖြစ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သို့မဟုတ် ဆိုတဲ့ OR လို့ သုံးထားတဲ့အခါမှာ တစ်ယောက် မဟုတ် တစ်ယောက်ဆိုတဲ့ အနက်ကို ပုဒ်ဆက်သမ္ဗန္ဓအနေနဲ့ သုံးထားတာဖြစ်တယ်။ ဒီနေရာမှာ အရာရှိတစ်ယောက်ကို ရွေးချယ်တဲ့အခါမှာ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ဆက်သွယ်ရေး နည်းပညာ စီမံကွျမ်းကျင်သူကို တာဝန်ပေးအပ်ရမည်ဆိုတာ တစ်ယောက်မဟုတ် တစ်ယောက်ကို ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြစ်တဲ့ သို့မဟုတ်ကို ကျွန်တော် ထောက်ခံ ခြင်းဖြစ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၁၁(ခ) ဖြစ်ပါတယ်။ ခေတ်မီတဲ့ ဥပဒေကြမ်းတွေ ရေးဆွဲရာမှာ ရှောင်ကြဉ်ရမယ့်အချက်တွေထဲမှာပါတဲ့ စကားလုံးတွေ ဖောင်းပွနေတဲ့ဟာတွေကို ကျစ်လျစ်အောင် ဆိုပြီး ဒါ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါ ပုဒ်မ ၁၄(က)ရဲ့ အသစ်ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူ့ လွှတ်တော်က အလုပ်အမှုဆောင် အရာရှိချုပ်ဆိုတဲ့ စကားရပ်ကို ဒီရေးထုံးမှာက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးက (၅)နှစ်၊ ကျန်အဖွဲ့ဝင်တွေက (၄)နှစ်အကြားမှာ အလုပ် အမှုဆောင်အရာရှိချုပ်ကိုပဲ ထည့်သွင်းထားခြင်းအားဖြင့် အလုပ်အမှုဆောင် အရာရှိချုပ် သက်တမ်းတစ်ခုက လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ အလုပ်အမှုဆောင် အရာရှိချုပ်မှအပ ဆိုတဲ့စကားရပ်ကို ရှေ့မှာထားမှသာလျှင် ဒါ ရှေ့နောက် ညီညွတ်ပြီးတော့ ပိုမိုဆီလျော်မှာဖြစ်တဲ့အတွက် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ဒါကတော့ ပြည်သူ့လွှတ်တော်က သုံးထားတာကလည်းကောင်း ဆိုတဲ့ဟာကို ခြင်း ဆိုတဲ့ စကားရပ်နဲ့ ပြင်ထားပါတယ်။ ဒါက ၎င်း ဆိုတဲ့ ဝေါဟာရက ဥပဒေမှာ ရေးသွင်းသုံးစွဲထားခြင်း လည်း မရှိသလောက် ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ခြင်း နဲ့ ၎င်းကတော့ အတူတူပါပဲ။ အညွှန်းနာမဝိသေသန အဖြစ် သုံးထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ခြင်း လို့ ပြင်ဆင်ထား ခြင်းဖြစ်ပါတယ်။ အဲဒါ ပုဒ်မ ၂၂(ဆ)ကတော့ လုပ်ငန်းဆောင်ရွက်မှုအဝဝကို ဆိုတဲ့ စကားရပ်ကို လုပ်ငန်းဆောင်ရွက်မှုများကိုလို့ပဲ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါ ပုဒ်မ ၂၂ (ခ)**မှာ ဒီနေရာမှာတော့ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရသည့်အတွက်ဆိုတဲ့ စကားရပ်ကို ဆောင်ရွက်ပေးခြင်း လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ဒီရေးထုံးမှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ကာကွယ်ရေးတွေ အရေးပေါ်ကိစ္စတွေ ဝန်ဆောင်မှုပေးတဲ့အခါမှာ ကော်ပိုရေးရှင်းက အကျိုးအမြတ် မယူဘဲနဲ့ ဝန်ဆောင်မှုပေးရတဲ့အတွက်လို့ ရေးထားပါတယ်။ အဲဒီလိုရေးထားတဲ့အတွက် ဒီရေးထုံး အရဆို အခွန်ကင်းလွတ်မှုကို သူ့ရဲ့ Customer အတွက်ပါ အခွန်ကင်းလွတ်ရမယ်လို့ အဓိပ္ပာယ်**

**သက်ရောက်နေတဲ့အတွက် ဒါကို ဝန်ဆောင်မှုပေးခြင်းလို့ သုံးမှသာလျှင် အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် တရားစီရင်ရေးဆိုတဲ့ အရေးပေါ်ကိစ္စတွေမှာ အကျိုးအမြတ်မယူတဲ့ဟာတွေကို ဒါက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်ပေးရတာ ဒီအဓိပ္ပာယ်သက်ရောက်တဲ့အတွက် ဒါကို ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။**

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၅။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ **ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မ ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အခြေခံပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။**

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အခြေခံပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

**စာအမှတ်၊၁/အမ(ကော်မတီ ၁)၁/၂၀၁၉–၂၄၂**

**ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ မေလ ၂၈ ရက်**

၁။ ပြည်သူ့လွှတ်တော်က အခြေခံပညာရေး ဥပဒေကြမ်းကို ၁၅ – ၅ – ၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၂ – ၅ – ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် –

(က) အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ)တွင် ဖော်ပြထားသော မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး ဆိုသည့် စကားရပ်ကို မူလတန်းအဆင့်ပညာရေး၊ အလယ်တန်းအဆင့်ပညာရေး၊ အထက်တန်းအဆင့်ပညာရေး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော တာဝန်ယူစိတ်ရှိသူများဖြစ်ရန် ဆိုသည့် စကားရပ်ကို တာဝန်ယူစိတ်ရှိသော လူသားကောင်းများဖြစ်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန် ဆိုသည့် စကားရပ်ကို လက်ဆင့်ကမ်းနိုင်သော လူသားကောင်းများဖြစ်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော လက်တွေ့ကျင့်သုံးနေထိုင်တတ်သူများဖြစ်ရန် ဆိုသည့်စကားရပ်ကို လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် လူသားကောင်းများဖြစ်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခြေခံပညာရေးကောင်စီဖွဲ့စည်းရာတွင် ပိုမိုတိကျရှင်းလင်းစေရန်အတွက် အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁)နှင့် (၂)ကို အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)နှင့် (ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် –

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီး<br>သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့များမှ<br>လူမှုရေးဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | ပညာရေးဆိုင်ရာတာဝန်ခံ<br>နေပြည်တော်ကောင်စီဝင်တစ်ဦး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၆) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း<br>သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ<br>ဦးစီးအဖွဲ့တို့မှကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၇) | (၅)ဦးထက်မပိုသောအခြေခံ<br>ပညာရပ်ဆိုင်ရာကျွမ်းကျင်<br>ပညာရှင်များ | အဖွဲ့ဝင် |
| (၈) | (၃) ဦးထက်မပိုသော အရပ်ဘက်<br>လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၉) | (၅) ဦးထက်မပိုသော အခြေခံပညာ<br>ဆရာများ၏ကိုယ်စားလှယ်များ | အဖွဲ့ဝင် |

(၁၀) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့်ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) အစိုးရကျောင်းများနှင့် အခြားကျောင်းများ ဆက်သွယ်ကူးပြောင်း သင်ကြားရာတွင် ကောင်စီ၏လုပ်ငန်းတာဝန်များ တိကျစွာဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၁ ကို အပိုဒ် ၁၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(ဇ)၏ နောက်တွင် အပိုဒ်ခွဲ(ဈ) အဖြစ် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် သင်ယူတတ်မြောက်မှုစစ်ဆေးနည်း သို့မဟုတ် ဆန်းစစ်နည်းများကို သတ်မှတ်ပေးခြင်း ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၉ ကို အပိုဒ် ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် နိုင်ငံတော်က သတ်မှတ်သည့် အခမဲ့မသင်မနေရပညာရေး အပါအဝင် အခြေခံပညာရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်များ၌ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး၊ စီစဉ်ဆောင်ရွက်ရေး၊ ပံ့ပိုးရေးနှင့် လေ့လာကြီးကြပ်ရေးတို့အတွက် ပညာရေးကော်မတီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့နှင့် ညှိနှိုင်းလျက် ဖွဲ့စည်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၁ ကို အပိုဒ် ၃၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခြေခံပညာရေးကို သင်ကြားပေးလျက်ရှိသော ကျောင်းများ ပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၆ ကို အပိုဒ် ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ဆိုသည့်စကားရပ်ကို ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဆရာများအား ရာထူးအဆင့်

တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၄၁ ကို အပိုဒ် ၄၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်လိုက် ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့ကို ဆိုသည့်စကားရပ်ဖြင့် အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)(ဃ)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(ဋ)နှင့် ပညာရေးစနစ် မြင့်မားလာစေရန် အဓိကတာဝန်ရှိသော ပညာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် လူမှုဘဝ မြင့်မားလာစေရန် လိုအပ်သည့်အတွက် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၊ အပိုဒ်ခွဲ(ဓ)နှင့် အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၉ နှင့် အပိုဒ် ၁၀ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည် ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မြန်မာစာအရေးအသားနှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်ထားပြီး ဖြစ်ပါသည်။ ထို့ပြင် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း ပြင်ဆင်ထားပြီးဖြစ်ပါသဖြင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြထားပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၂၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေး

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၆-၆-၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၇ - ၉ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၆)မိနစ်အတွင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၄။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ဒီမြေသိမ်းဥပဒေကြမ်း အမှတ်စဉ်(၁၈)၊ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(ခ)ရဲ့ အဆိုပြုချက်ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်သည်လို့ အတည်ပြုထားပါတယ်။

ပြည်သူ့လွှတ်တော်က အပိုဒ်ခွဲငယ်(စ)လုံးအဖြစ် မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ဆိုသည်မှာ မြေကိုသိမ်းယူရန် ပဏာမ စစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကို သိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကို ဆိုသည်ဟု အတည်ပြုထားပါတယ်။

၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း အမှတ်စဉ်(၁၇)၊ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(ဒ)ရဲ့ အဆိုပြုပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်ကြီးက အပိုဒ်ခွဲငယ်(င)အဖြစ် မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်ဆည်းရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း အများပြည်သူတို့ ကန့်ကွက်နိုင်ရန်နှင့် ရပိုင်ခွင့်များ တောင်းဆို နိုင်ရန်လည်းကောင်း၊ မြေသိမ်းဆည်းရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန် လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးသည့် အမိန့်ကြော်ငြာစာကို ဆိုသည်လို့ အတည်ပြုချက် အား ပြည်သူ့လွှတ်တော်က ၃(င)အဖြစ် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထောက်ခံ အတည်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ အမှတ်စဉ်(၁၈)၊ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(စ) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဟာ မလိုအပ်ဘဲ ထပ်မံအတည်ပြုချက်ဖြစ်နေတဲ့အတွက် အမျိုးသားလွှတ်တော်ကြီးရဲ့ ပယ်ဖျက်သည်ဟူသော အတည်ပြုချက်သည် မှန်ကန်ပါကြောင်း ထောက်ခံအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် (၂၄)၊ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(ထ) အဆိုပြုပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်ကြီးက အပိုဒ်ခွဲငယ်(ဍ)အဖြစ် ယာယီမြေသိမ်းဆည်း ခြင်းဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ သတ်မှတ်ကာလတစ်ခုအတွင်း အများ ပြည်သူအကျိုးငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်လို့ အတည်ပြုထား ပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ အပိုဒ်ခွဲငယ်(ဎ)အဖြစ် ယာယီမြေသိမ်းဆည်းခြင်းဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ (၃)နှစ်ထက်မပိုသော ကာလတစ်ခုအတွင်း အများပြည်သူ အကျိုးငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်လို့ အတည်ပြုထားပါတယ်။

ယာယီမြေသိမ်းဆည်းခြင်းဆိုသော်လည်းပဲ မြေသိမ်းဥပဒေပါ ပြဋ္ဌာန်းချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေကို သိမ်းဆည်းရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အများပြည်သူအကျိုးငှာ မတူကွဲပြားသော လုပ်ငန်းစဉ်အမျိုးမျိုးအတွက် သိမ်းဆည်းဆောင်ရွက်ရမှာမို့လို့ (၃)နှစ်ထက်မပိုသော ကာလတစ်ခုအတွင်း အတိအကျ သတ်မှတ်မထားသင့်ပါဘူး။ ဒီအတွက် အမျိုးသားလွှတ်တော်ရဲ့ သတ်မှတ် ကာလတစ်ခုအတွင်း ဒီပိုမိုသင့်လျော်သည့်အတွက် အမှတ်စဉ်(၂၄)၊ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(ဍ)ဖြစ်သော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့ကို ၁၁:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]